မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. __Volume 15/ Issue 1/ January / 2022*







## *2022, January programs*

***1/ 2/ 2022***
***Sunday 2:00PM***
***New Year Worship Service and Holy Communion***

**+++++**

***1/16/2022***
***Sunday 2:00PM***
***Karean New Year Service***

**+++++**

***BCF Worship time***
***Every Sunday 2:00 PM***

***1/9/2022 … BCF Board Meeting and Position Selection for elected board members meeting postponed because we concern over the COVID-19 situations.***

***1/23/2022 …"Praise the Lord with Music" program postponed until further notice.***

***1/ 30/2022… 45th BCF Church Anniversary Worship and Consecration Service has been postponed until further notice.***

***** As usual, online Worship Service will be available on Every Sunday Night. *****

## ~ ၂၀၂၂ အတွက် အမှာစကား ~

ရှေးဦးစွာ လွန်ခဲ့သော ၂၀၂၁ ခုနှစ် Pendemic ကပ်ရောဂါကာလအတွင်းမှာ ပျက်စီးဆုံးရှုံးခြင်းသို့မရောက် ခံစားရသောဆုကျေးဇူးကောင်းကြီးများအတွက် အဘဘုရားသခင်၏ကျေးဇူးတော်သည်ကြီးလှပါ၏ဟု ကျွန်ုပ်တို့ ဝန်ခံ၍ ဘုန်းကြီးသောနာမတော်ကို ချီးမွမ်းပါ။

၂၀၂၁ ခုနှစ်ကုန်ဆုံး၍၊ ၂၀၂၂ ခုနှစ် မင်္ဂလာနှစ်သစ်သို့ ထာဝရဘုရားသည် သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့် ကျွန်ုပ်တို့သည် ကျန်းမာပျော်ရွှင်ခြင်းနှင့် ဝင်စားခွင့်ရသဖြင့် ဘုရားသခင်၏မေတ္တာ၊ဂရုဏာတော်နှင့်ကောင်းမြတ်တော်မူခြင်းကို ထပ်ဆင့်၍ ချီးမွမ်းကြပါ။

၂၀၂၂ ခုနှစ် တစ်နှစ်တာပတ်လုံး ကျွန်ုပ်တို့သည် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်ဖြင့် ၂၀၂၂ နှစ်၏ ဘဝစာမျက်နှာသစ်ကို ကျေးဇူးတော်အပေါင်း ခညောင်းလျှက် ရှေသို့ဆက်၍ လှမ်းလျှောက်သွားလိုကြသူများ ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့ခြေလှမ်းမမှားစိမ့်သောငှါ၊ အဘဘုရားသခင် ဦးစီးဦးဆောင်၍လမ်းပြပို့ဆောင်တော်မူပါ။ အရာခပ်သိမ်းတွင် အလိုတော်နှင့်ညီသော အောင်မြင်ခြင်းကိုပေးသနားတော်မူရန် ဆုတောင်းခံပါ။

အဘဘုရားသခင်၏ ကောင်းမြတ်စုံလင်ခြင်းအားဖြင့် အောင်မြင်သူများ ဖြစ်ကြရန်–
သင်တို့ဘုရားသခင် ထာဝရဘုရား၏ ပညတ်တော်ရှိသမျှတို့ကို ရှာ၍စောင့်ရှောက်ကြလော့။
အဘဘုရားသခင်ကိုသိမှတ်လော့။ စုံလင်သောနှလုံး၊ ကြည်ညိုသောစိတ်သဘောနှင့်ဝတ်ပြုလော့။

ထာဝရဘုရားသည် ခပ်သိမ်းသောစိတ်နှလုံးတို့ကိုစူးစမ်း၍ အကြံအစည်ရှိလေသမျှတို့ကို သိတော်မူ၏။ ကိုယ်တော်ကိုရှာလျှင် အတွေ့ခံတော်မူမည်။ ကိုယ်တော်ကိုစွန့်လျှင် သင့်ကို အစဉ်အမြဲစွန့်တော်မူမည်။

သင်သည် အားယူ၍ ရဲရင့်သောစိတ်နှင့် လုပ်ဆောင်လော့။ မစိုးရိမ်နှင့်။  စိတ်မပျက်နှင့်။ ထာဝရအရှင်ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူ၏။ ကျွန်ုပ်တို့ကို စွန့်တော်မမူ။ ကျွန်ုပ်တို့ကို ပစ်ထားတော် မမူပါ။

ထာဝရအရှင်ဘုရားသခင်၏ တရားအတိုင်းကျင့်မည်ဟု စောင့်ရှောက်ခြင်းငှာ အားယူ၍ အလွန် ရဲရင့်ခြင်း ရှိလော့။ ကြံစည်လေသမျှတို့၌ အောင်မည်အကြောင်း ထိုတရားလမ်းသို့ လိုက်လော့။ လက်ျာဘက်၊ ဘက်ဝဲဘက်သို့ မလွှဲနှင့်။ ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်းအလိုငှါ ကျမ်းစာကိုမဘတ်မရွတ်ဘဲမနေ။ နေ့ညဉ့်မပြတ်ကြည့်ရှု ဘတ်ရွတ်ရမည်။ သို့ပြုလျှင် သင်သည် အကြံထမြောက်၍ အောင်မြင်လိမ့်မည်။ အားယူ၍ ရဲရင့်ခြင်းရှိလော့။ မကြောက်နှင့်။ စိတ်မပျက်နှင့်။ သွားလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရားရှိသည်ဟု မိန့်တော်လျက် ကျွန်ုပ်တို့ကို မှာကြားထားသည် မဟုတ်လော။

ဘုရားသခင်၏ မိန့်မှာတော်မူချက်အတိုင်း မလွဲမသွေ ၂၀၂၂ ခုနှစ်ကို အစပြုမည်ဆိုလျှင် အောင်မြင်ခြင်းရမည်အမှန်ပါ။  နှုက်ကပတ်တော်ကို မပြတ်စောင့်ရှောက်၍ ဘုရားဝတ်၌မွေ့လျော်ကြရန် ပန်ကြားအပ်ပါသည်။ ။

# ၂၀၂၂ ခုနှစ်အတွက် ပြင်ဆင်ရန်ခွန်အား

နှစ်ဟောင်းကုန်ဆုံး၍၊ နှစ်သစ်သို့ကူးပြောင်းလာခဲ့ပြီ။ ထို့ကြောင့် “နှစ်သစ်ကူး”ဟုခေါ်ကြသည်။ နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီလ တစ်ရက်နေ့ကို “နှစ်သစ်ကူးနေ့”ဟုခေါ်ဆိုကြပါသည်။

၂၀၂၁ ခုနှစ်မှသည် ၂၀၂၂ ခုနှစ်သို့ ကူးပြောင်းခဲ့ပါပြီ။ နှစ်သစ်သို့ရောက်ရှိလာတိုင်း ဘုရားသခင်၏ဘုန်းတော်ကို ပိုမိုတွေ့မြင်လာသည်။ သို့ဖြစ်၍ ရှေးဦးစွာ ဘုရားသခင်၏ မေတ္တာတော်နှင့် ဂရုဏာတော်သည် ကြီးမြတ်လှပါသည်ဟု ဝန်ခံလျက် ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်မြတ်ကို ချီးမွမ်းယင်း နှစ်သစ်တစ်နှစ်လုံးတွင် လျှောက်လှမ်းရမည့် ဘဝအသက်တာခြေလှမ်းကို အသစ်ပြင်ဆင်နေကြပြီဆိုလျှင်လည်း မမှားနိုင်ပေ။

ကမ္ဘာအနှံ့အပြားတွင်၊ ၂၀၁၉ နိုဝင်ဘာလမှစတင်၍ ဖြစ်ပွါးခဲ့သော COVID-19 ကပ်ရောဂါဆိုးကြောင့် သေဆုံးသူများ၊ စစ်မက်ရေးရာကြောင့် သေဆုံးသူများနှင့် ထွက်ပြေးတိမ်းရှောင်နေရသူများ၊ စီးပွါးရေးကပ်ဆိုးဆိုက်မှုကြောင့် အတိဒုက္ခရောက်ရသူအများနှင့် ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွါးရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေး မှအစ အရေးအားလုံးကို ကြုံဆုံတွေ့နေရသော်လည်း အချို့သောသူများမှာ ၂၀၂၁–ခုနှစ်တစ်နှစ်တာကာလပတ်လုံး အပျော်အပါးနှင့်မကင်း၊ သောက်ကြစားကြကာ ပျော်မွေ့နေကြသည်။ နွမ်းပါးသူများမှာ ပြေးလွှားချေးငှားကာရုန်းကန်နေကြရသည်။ အလုပ်လက်မဲ့ဖြစ်သူက အများ၊ အချို့မှာ လောဘဇောဖြင့် စီးပွားရေးနွံတွင်းနစ်မြုပ်နေကြသည်။ အချို့မှာမူ မုန်းမာန်ဖွဲ့၍လောဘ၊ ဒေါသ၊ မောဟ၊ တို့ဖြင့် ရန်မီးပွားကာစစ်ဖြစ်နေကြသည်။ အချို့အချို့သောလူနည်းစုမှာ ဘုရားဝတ်၌မွေ့လျော်ကာ စိတ်၏ငြိမ်သက်ခြင်းနှင့်အတူ အေးချမ်းစွာရှိနေကြသည်။

မည်သို့ပင် ဖြစ်ပါလေစေ။ လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိငြားသော်လည်း နှစ်ဟောင်းကုန်ဆုံး၍ “နှစ်သစ်”ဟူသောဝေါဟာရစကားသည် မိမိတို့၏ နှလုံးသားထဲ တိုးဝင်လာသည်နှင့် အုန်းအုန်းထနေသော လောကသားများသည် နှစ်သစ်သို့ လူသစ် စိတ်သစ်ဖြင့် ဝင်ရောက်နိုင်ရန် စိတ်နှလုံးကို ပြင်ဆင်ကြသည်။

လူအများစုသည် နှစ်ဟောင်းမကုန်မီ ကတည်းက နှစ်သစ်သို့ရောက်လျှင် သို့တည်းမဟုတ် နှစ်သစ်သို့ရောက်ရှိလာတိုင်း နှစ်သစ်အတွက် ပြင်ဆင်မွမ်းမံမှု ပြဋ္ဌာန်းချက်များ (Resolutions) ကိုပြုလုပ်ကြသည်။ မိမိတို့ လုပ်ဆောင်ချက်အတိုင်း ပြီးမြောက်အောင်မြင်သူများ ရှိကြသကဲ့သို့ လမ်းတစ်ဝက်နှင့်ဘေးချော်သွားသူများလည်းရှိသည်။ အချို့မှာစာအုပ်ထဲတွင်သာရေးမှတ်ထားပြီး၊ နှစ်ဟောင်းမှအကျင့်ကိုမစွန့်လွှတ်နိုင်သဖြင့် လမ်းဟောင်းကိုသာ ဆက်လက်လျှောက်နေကြသည်။

လောကသားအပေါင်းတို့သည် နှစ်သစ်သို့ ရောက်ရှိလာတိုင်း ဘုရားသခင်ထံတော်ပါးမှ ကောင်းကြီးတောင်းခံ၍ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောအသက်တာကို ရယူလိုကြသည်။ ထာဝရဘုရားသခင်သည် နှုတ်ကပါတ်တော်အားဖြင့် မင်္ဂလာရှိမည့် အကြောင်းတရာများကို သမ္မာကျမ်းစာတော်မြတ်ထဲတွင် အတိအလင်း ဖေါ်ပြထားသည်။ အသင် တစ်ဦးတည်းသာ မဟုတ်၊ သင်၏ သားစဉ်မြေးဆက် အထောင်အသောင်း တိုင်အောင် ပြည့်စုံစေမည်ဟု ဂတိတော်ထားရှိသည်။

ထာဝရဘုရားကလည်း “ငါသည်ဂတိတည်သောဘုရား၊ ငါထာဝရဘုရားပြောသည်အတိုင်းပြည့်စုံကြောင်းကို သင်တို့သိရလိမ့်မည်”ဟုမိန့်တော်မူ၏။

ထာဝရဘုရားထံတော်မှ ကောင်းကြီးများစွာ ခံစားရရှိပါပြီ။
ကျွန်ုပ်တို့ ဘုရားရှင်ထံ မည်သို့ပြန်လှည်ကာ တုန့်ပြန်ကြမည်နည်း။

❖ ထာဝရဘုရားကိုသာကိုးစားခိုလှုံပါ။

ဒါဝိတ်မင်းကြီး၏အတွေ့အကြုံအရ– သူသည်ပျို့ရွယ်ချိန်အခါမှစ၍ ထာဝရဘုရားထံတော်ပါးမှ မစတော်မူခြင်းသည် သူ့ကို ခွန်အားဖြစ်စေသည်။ အောင်မြင်ခြင်းကို ရစေသည်။
ဆာလံ၊၁၂၁း၁–၂။ ငါ့ကိုမစခြင်းအကြောင်းသည် ပေါ်ထွက်ရသောတောင်ရိုးသို့ ငါမျှော်ကြည့်၏။ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရားထံတော်မှ ငါ့ကိုမစခြင်းအကြောင်းသည်ပေါ်ထွက်ရ၏။

ဆာလံဆရာ၏သွန်သင်ချက်မှာ၊– ထာဝရဘုရားထံတော်ပါးတွင် အစဉ်ခိုလှုံလျက်
ထာဝရဘုရားကိုကြောက်ရွံ့၍ ပညတ်တော်များကိုလိုက်လျှောက်ရမည်။
ဆာလံ၊၁၁၂း၁–၃။ ထာဝရဘုရားကိုကြောက်ရွံ့၍၊ ပညတ်တော်တို့၌အလွန်ပျော်မွေ့သောသူသည် မင်္ဂလာရှိ၏။ ထိုသူ၏သားမြေးတို့သည် မြေပေါ်မှာအားကြီးကြလိမ့်မည်။ ဖြောင့်မတ်သောသူတို့၏ အမျိုးအနွယ်သည်မင်္ဂလာရှိတတ်၏။ ထိုသူ၏အိမ်၌စည်းစိမ်ဥစ္စာကြွယ်ဝ၍၊ သူ၏ကောင်းကျိုးသည် အစဉ်အမြဲတည်တတ်၏။
ဆာလံ၊၁၂၈း၁–၂။ ထာဝရဘုရားကိုကြောက်ရွံ့၍၊ လမ်းခရီးတော်သို့လိုက်သွားသမျှသောသူတို့သည် မင်္ဂလာရှိကြ၏။ ထိုသို့ပြုလျှင် သင်သည် မိမိလက်နှင့် လုပ်ဆောင်၍ရသောအစာကို စားရလိမ့်မည်။ မင်္ဂလာရှိ၍ ကောင်းစားရလိမ့်မည်။

ထာဝရဘုရားသည် ဒါဝိဒ်မင်းကြီးကို ပြောထားသည့်အတိုင်း သင်နှင့်ကျွန်ုပ်တို့အားလည်း ယနေ့ပင် ပြောနေပါသည်။ ထာဝရဘုရားက “ငါသည် နှစ်ဆသော ကောင်းကြီးကို ပြုမည်”ဟူ၍ ပြောထား၏။ ကျွန်ုပ်တို့၏ ညည်းတွားမြည်တမ်းခြင်းကိုလည်း ကခုန်ခြင်း ဖြစ်စေတော်မူလိမ့်မည်။ သင်နှင့်ကျွန်ုပ်တို့သည် ညဉ်းယံ၌ ငိုကြွေးခြင်းရှိသော်လည်း နံနက်မိုးလင်းသော် သီချင်းဆိုရသော အခွင့်ကို ပေးတော်မူမည်။ လွင်ပြင်၌ လျှောက်သွားစဉ်ပင် ထိုလွင်ပြင်ကို စမ်းရေထွက်ရာအရပ်ဖြစ်စေတော်မူဦးမည်။

❖ ဘုရားရှင်၏စကားကိုနားထောင်ပါ။ ပြောသည့်အတိုင်းလုပ်ဆောင်ပါ။

အာဗြဟံကိုကြည့်လျှင်၊–
ကမ္ဘာဦး၊၁၂း၁။ “ထာဝရဘုရားသည် အာဗြံကိုခေါ်တော်မူ၍၊ သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါင်းဘော်များထဲက ထွက်ပြီးလျှင်၊ ငါပြလတံ့သော ပြည်သို့သွားလော့။ မိန့်တော်မူသည့်အတိုင်း အာဗြံသည် သူ၏အိမ်သူအိမ်သားများနှင့်အတူ ဘုရားစကားကိုနာခံလျက် ထွက်သွား၏။”

❖ထာဝရဘုရားသခင်ကိုသာမျှော်ကြည့်ပါ။

တမန်တော်ကြီးရှင်ပေါလုကဲ့သို့ ရှေ့သို့သာမျှော်ကြည့်လျက်သွားပါ။
ဖိလိပ္ပိ၊၃း၁၃။ “နောက်ကျသောအရာကိုမမှတ်ဘဲ။ ရှေ့၌ရှိသောအရာကိုကမ်း၍၊ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်းငှါ၊ ပန်းတုံးတိုင်သို့အ

ရောက်ငါပြေး၏။” ဆိုသည့်အတိုင်း လိုရာပန်းတုံးတိုင်သို့ရောက်အောင် သွားပါ။ စုံလင်သောသူ ရှိသမျှတို့သည် ဤသို့သောသဘောကို စွဲလမ်းရကြမည်။

❖ထာဝရဘုရားသခင်ထံတော်၌ဆုတောင်း၍ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပါ။
ဒံယေလကိုကြည့်မြင်၍ စံနမူနာယူပါ။
ဒံယေလ၊ဖေး၁၀။ .... “ဒံယေလသည် မိမိအိမ်၌ ယေရုရှလင်မြို့သို့မျက်နှာပြုရာ အထက်ခန်းပြတင်းပေါက်ပွင့်လျက်ပင်၊ အထက်ပြုလေ့ရှိသည်အတိုင်း၊ တနေ့သုံးကြိမ် ဒူးထောက်လျက် ဘုရားသခင်ကိုဆုတောင်း၍ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းလေ၏။”

❖ထာဝရဘုရားသခင် စေခိုင်းသောအမှုကို လုပ်ဆောင်ပါ။
ပရောဖက်ကြီးဟေရှာယနည်းတူ အမြဲအဆင်သင့်ရှိပါ။
ဟေရှာယ၊ဖေး၈။ .... “ထာဝရဘုရားက ငါသည် အဘယ်သူကို စေလွှတ်ရမည်နည်း။ ငါတို့အဘို့အဘယ်သူသွားမည်နည်း။” ငါတို့အဘို့ အဘယ်သူသွားမည်နည်းဟု မေးတော်မူသံကို ငါကြားလျှင်၊ “ငါက အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ ဟုလျှောက်လေ၏။”

အထက်ဖေါ်ပြပါ ယုံကြည်ခြင်းသူရဲကောင်းများကိုကြည့်၍ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အလုပ်ကို အခန်းကဏ္ဍများအလိုက် ဘုရားရှင်၏အလိုတော်နှင့်အညီ လုပ်ဆောင်နိုင်ရန် ခွန်အားယူကြပါ။ အချို့သောသူများသည် မျက်မြင်မရသောအနာဂါတ်အတွက် ကြိုတင်၍၊ စိုးရိမ်ပူပန်ခြင်းရှိတတ် ကြသည်။ သို့သော်လည်း၊ နေ့စဉ်အသက်တာ၌ အဘယ်သူသည် စိုးရိမ်ပူပန်ခြင်းအားဖြင့် မိမိ၏အသက်တာကို တတောင်ခန့်မျှ ပို၍တိုးပွားစေနိုင်မည်နည်း။ “နက်ဖြန်အဘို့ မစိုးရိမ်ကြနှင့်။ နက်ဖြန်နေ့သည် မိမိအဘို့စိုးရိမ်လိမ့်မည်”ဟု သခင်ခရစ်တော်ကိုယ်တော်တိုင် မိန့်မှာတော်မူခဲ့၏။

၂၀၂၂ နှစ်သစ်တွင် ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာပြီးမှ နောက်ထပ်ပေးဦးမည့် ကောင်းကြီးများကိုရယူခံစား၍ မင်္ဂလာအပေါင်းနှင့်ပြည်စုံပြီး၊ ဆာလံဆရာကဲ့သို့ အသစ်သော ချီးမွမ်းသီချင်းကို ကျူးခြင်းဖြင့် ဘုရားသခင်၏ မျက်မှောက်တော်သို့ တိုးဝင်၍၊ ဂုဏ်ကျေးဇူးတော်ကို စဉ်ဆက်မပြတ် ချီးမွမ်းကြပါစို့။ ဟာလေလုယ!

ကျွန်တော်/ကျွန်မ အယောက်စီတိုင်းတို့သည် နှစ်သစ်တွင် ဘုရားရှင် မပါဘဲ။ မိမိတို့၏ အလိုအတိုင်း မလျှောက်လှမ်းနိုင်ပါ။ လျှောက်ခဲ့လျှင်လည်း ခရီးမတွင်နိုင်ပါ။ လိုရာပန်းတုံးတိုင်သို့ မရောက်မှီအားကုန်ကြမှာ မြေကြီးလက်ခတ် မလွဲနိုင်ပါ။ ဘုရားသခင်ကို ဦးထိပ်ထားမှသာလျှင် အောင်မြင်မှုကိုရမည်။

၂၀၂၂ နှစ်သစ်တွင် ဘုရားသခင်သည် ကျွန်တော်/ကျွန်မအယောက်စီတိုင်းတို့အား စောင့်မ၍ တောင်းသောဆုများပြည့်စေသော။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိပါစေသော။ အာမင်။ ။


*Happy New Year , to you all !*


# ဆုတောင်းခြင်းဖြင့်ပါဝင်ရန်–



**ဆုတောင်းချက်များ ။**

- ဘုရားသခင်၏ဘုန်းတော်မြတ်ထင်ရှားရန်၊– မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေရန်၊–
- လူအပေါင်းတို့အပေါ် မေတ္တာကရုဏာတော်ကြီးမားသော ဘုရားသခင်ကိုချီးမွမ်းခြင်းရှိစေရန် ၊–
- ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်ယေရှုခရစ်တော်မွေးဖွားလာခြင်း၊ အမှုတော်မြတ်ဆောင်ခြင်း၊ ကားတိုင်ပေါ်တွင် အသက်တော်စွန့်ခြင်း၊ သင်္ဂြိုဟ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအကြောင်း တို့ကို နှလုံးသွင်းဆင်ခြင်ရန် ၊–
- တိုင်းနိုင်ငံအသီးသီး၏ ခေါင်းဆောင်ကြီးများနှင့်အုပ်ချုပ်ရေးအဖွဲ့ကို နှုတ်ကပတ်တော်နှင့် အညီ မေတ္တာပို့ ဆုတောင်းပေးကြရန် ၊–
- သဘာဝဘေးဒဏ်များကြောင့် အိုးအိမ်နှင့်ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးရသူများ၏ မိသားစုများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ခွင့်ပေးရန် ၊–
- Covid-19 ကူးစက်ပျံ့ပွါး ကပ်ရောဂါကြောင့် အသက်ဆုံးရှုံးသူများ၏ ကျန်ရစ်သူမိသားစု နှင့် ပူဆွေးဒုက္ခရောက်နေကြသူများ အပေါ် ဘုရားသခင်၏ကျေးဇူးကရုဏာတော် သက်ရောက်၍ ကျန်းမာခြင်း၊ နှစ်သိမ့်ခြင်း၊ ကွယ်ကာစောင့်ထိန်းခြင်း ရရှိစေရန် ၊–
- ကမ္ဘာတဝှမ်း၌ထိပ်လန့်နေရသော Covid-19 ရောဂါ ပပျောက်ရန် ၊–
- စစ်ဘေးဒဏ်ကြောင့် မိမိတို့ရပ်ရွာနှင့်နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်နေသူများ၊ ခိုကိုးရာမဲ့ ဒုက္ခသည်များ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ စသည်တို့ အတွက် စိတ်ပူပန်သောကရောက်နေသူအများ ပြဿနာပြေလည်စေရန် ၊–
- အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့်ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မသန်မစွမ်းဒုက္ခိတများ၊ အလုပ်ရှာဖွေနေသူများတို့၏လိုအပ်ချက်များ အဆင်သင့်ရရှိရန် ၊–
- ကမ္ဘာနေရာအနှံ့အပြားတွင် ရှေ့တန်းမှပါဝင်၍ ကိုယ်ကျိုးစွန့်ကာ ရောဂါခံစားနေရသော ဒုက္ခဝေနာသည်များကို ဆေးကုပေးသည့် ကျန်းမာရေးဝန်ထမ်းများ ကျန်းမာရေး နှင့် ကုသရေး လုပ်ငန်းများ၌ အမှားအယွင်းမရှိ အောင်မြင်စွာ လုပ်ဆောင်နိုင်ဖို့ ဉာဏ်ပညာရရှိရန် ၊–
- ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်သူများ၊ လုပ်အားပေးသူများအားလုံးအတွက် လုံလောက်သောအကူအညီ၊ အထောက်အပံ့ ရရှိရန်၊–
- ယုံကြည်သူများနှင့် သာသနာအမှုတော်ဆောင်များသည် ကျရာနေရာမှ အခွင့်အရေးရတိုင်း ခရစ္စမတ်အချိန်၌ ဖွားမြင်သောယေရှုခရစ်တော်အကြောင်း သက်သေခံ ပြောကြားခွင့်ရရန်၊ –
- ပျောက်ဆုံးဝိညာဉ်များအတွက် အံ့ဩထူးခြားစွာ ဘုရားသခင်၏ဘုန်းတော်ထွန်းလင်းဖို့၊ စစ်မှန်သောဘုရားကိုရှာနေသော လူအပေါင်းတို့ ကယ်တင်ခြင်းကိုသိရှိခံစားနိုင်ကြစေရန်၊–

*** အချင်းချင်း စိတ်သဘော တညီတညွတ်တည်းဖြင့် ဆုတောင်းပေးကြပါ။ ***

**မြော်လင့်လျက် ဝမ်းမြောက်ကြလော့။ ဆင်းရဲဒုက္ခရောက်သောအခါ သည်းခံကြလော့။**
**ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြုကြလော့။ ရော၊ ၁၂း၁၂ ။**

Prayer for your country …

Oh Lord, Our God,

I pray for our nation and ask that You would look down on us in pity and mercy.

Forgive us for the way that we have turned our backs on You in so many ways and bring us back as a people who seek to follow the ways of justice and peace.

Keep our land free from war and aggressions, from winds and earthquakes, from fear and confusion, and from other things that can cause hurt and fear and confusion. May we as a nation turn to You and call out to You in the day of trouble.

Be close to all our leaders and governors and give them wisdom and discernment as they rule this nation. May the decisions that they make be wise, and Lord, I pray that our nation would turn to You for Your wisdom and Your strength.

Thank You, Lord, that You are my refuge and my strength in hard times and an ever present helper in times of trouble. Help me to cling to You and this truth from the Bible that You keep bringing to my mind.

I know that You are the only all-powerful God, and that there is nothing that is too difficult in my life for You to deal with, nor is there any obstacle in my path that is so insurmountable that I cannot cross, knowing that You are by my side.

Please give me Your strength to face today's hard and troubled times, with the confidence of knowing that Your strength is made perfect in my weakness. Thank You that my strength comes from You, and that Your grace is sufficient for all the tasks and duties that will cross my daily path, not only for today but for the rest of my journey through life.

Thank You, Father, that Your grace is sufficient. Help me to meditate on this truth every day,

Be with all those that are oppressed and downtrodden and especially those that do not know You as their Saviour. May there be many that come to know You as their Saviour in this my country.

I pray that the gospel may one day be preached in this land from shore to shore, openly and truthfully. Keep us from compromising Your Word of truth. Restore to this nation the joy of Your salvation and bring many to a faith in the Lord Jesus as Saviour.

I pray in His name,
Amen.

***We wish you all …***

***Happy, Healthy,***

***Wealthy and Wise New Year 2022!!***

***ALL HEALTHCARE WORKERS***




***We appreciate and thank you for***

***all your hard works***

***in the time of Omicron variant situation.***




**In Christ,**
**BCF all members**